# နိုင်ငံခြားသား ပြုစုစောင့်ရှောက်ဘူ  အလုပ်ရုံဆွေးနွေးပွဲ အမေးအဖြေ

## မြန်မာ



**စီစဉ်ဘူ**　ကိုဘေးမြို့ သက်ကြီးရွယ်အို အထောက်အကူပြုပစ္စည်း အဖွဲ့ချုပ်

無断転用禁止

| № | ဂျပန် | ဖြေ |
|---|---|---|
| ① | အနာရောဂါဖြစ်တဲ့အခါရိပ်သာကလူတွေက ဆေးရုံကိုလိုက်ပို့ကြပေမဲ့အားနာရတဲ့အတွက်ဖြစ်နိုင်ရင်ကိုယ်ကိုတိုင်ပဲသွားချင်ပါတယ်။<br>ထို့ကြောင့် ကိုဘေးမြို့အနေနဲ့တယောက်တည်းသွားနိုင်အောင်တခုခု လုပ်ပေးရင် အရမ်းကောင်းမှာပါ။ | ရိပ်သာကလူက သင့်ကိုစိတ်ပူပြီး၊ကျန်းမာရေးအာမခံဖြည့်ပုံဖြည့်နည်းတွေရောဂါရဲ့ကြောင်းရှင်းပြဖို့ခက်မယ်လို့ထင်လို့အတူလိုက်ပေးတာပါ။သင်ကဂျပန်စကားနားလည်ပြီး၊ဂျပန်ယဥ်ကျေးမှုနှင့်နေထိုင်မှုဘဝပုံစံကိုကျင့်သားရသည်အထိအတူလိုက်တာလက်ခံပါ။<br>ကိုဘေးမြို့အနေနဲ့ကလည်းဆက်လက်ပြီးနိုင်ငံခြားသားပြုစုစောင့်ရှောက်ရေးဝန်ထမ်းအနေနဲ့အစစအရာရာထောက်ပံ့နိုင်အောင်လုပ်သွားပါ့မယ်။ |
| ② | ကိုဘေးမြို့ကထောက်ပံ့မှုမရှိလို့သူငယ်ချင်းက မလာချင်ဘူးလို့ပြောနေတယ်။တိုကျိုမြို့နှင့် ခနဂဝါမြို့တွေမှာနိုင်ငံခြားသားတွေကိုထောက်ပံ့မှုတွေရှိပေမဲ့ကိုဘေးမြို့ကမရှိဘူး။<br>(ဥပမာပြောရရင်;ခနဂဝါမြို့ကပညာရေးအတွက်ပိုက်ဆံထုတ်ပေးတဲ့ဥပဒေနှင့်ပြုစုစောင့်ရေးလက်မှတ်စာမေးပွဲအတွက်စာသင်ပေးတာတွေလုပ်ပေးတာရှိပါတယ်) | ကိုဘေးမြို့ကလည်းဂျပန်စာသင်ပေးတာ၊ပြုစုစောင့်ရှောက်ရေးလက်မှတ်ရဖို့အကူအညီပေးတာ၊အိမ်လခထောက်ပံ့ပေးတာတွေလုပ်ပေးနေပါတယ်။<br>ဒီနှစ်မှစပြီးကိုဘေးမြို့မှာအလုပ်လုပ်နေတဲ့နိုင်ငံခြားသားပြုစုစောင့်ရှောက်ရေးအလုပ်သမားတွေအတွက်သတင်းအချက်တွေကိုwebsite မှာတင်ဖို့ရှိပါတယ်။ |
| ③ | အခုကစပြီးတိုကျိုမြို့၊ခနဂဝါမြို့နှင့်အိုဆာကာမြို့တွေမှာနေချင်ပါတယ်။ | တိုကျို၊ခနဂဝါနှင့်အိုဆာကာမြို့တွေကမြို့ကြီးတွေဖြစ်လို့အားကျတာနားလည်ပါတယ်။ကိုဘေးမြို့ကရာသီဥတုကပူနွေးပြီးပင်လယ်တွေတောင်တန်းတွေနဲ့နီးပြီး၊ဖော်ရွေတဲ့လူတွေများပြီး၊ဘုရားကျောင်းတွေနိုင်ငံခြားပစ္စည်းတွေရှိတဲ့စူပါတွေရှိတဲ့အတွက်ကြောင့်နေထိုင်လို့အရမ်းကောင်းတယ်လို့ပြောကြပါတယ်။ကိုဘေးမြို့ကနိုင်ငံခြားသားအပါအဝင်အားလုံးသောကိုဘေးမြို့သူ/သားတွေနေထိုင်ဖို့အဆင်ပြေတဲ့မြို့ဖြစ်အောင်ဆောင်ရွက်သွားပါ့မယ်။ |
| ④ | အခွန်နှင့်ကျန်းမာရေးခွန်အကြောင်းပြောပြပေးစေချင်ပါတယ်။ | ဂျပန်မှာနိုင်ငံတော်ကိုသွင်းရတဲ့နိုင်ငံခွန်၊မြို့ကိုသွင့်ရတဲ့မြို့ခွန်၊ခရိုင်ကိုသွင်းရတဲ့အခွန်ဆိုပြီးရှိပါတယ်။မသွင်းမနေရပါ။လစာအလိုက်သွင်းရတာဖြစ်ပါတယ်။မင်းတို့ဆီကအခွန်တွေပိုပြီးဖြတ်သွားတာမျိုးမရှိပါဘူး။ရိပ်သာအနေနဲ့မှန်မှန်ကန်ကန်လုပ်ပါတယ်။ကျန်းမာရေးခွန်ကလည်းအတူတူပါပဲလစာအလိုက်ပေးသွင်းရတာပါ။<br>အရေးကြီးဆုံးကအခွန်တွေကျန်းမာခွန်တွေသွင်းထားတဲ့အတွက်social service တွေခံစားခွင့်ရှိပါတယ်။ |
| ⑤ | အရင်က ကိုဘေးမြို့မှာအခန်းရှာတုန်းကအာမခံတဲ့ဂျပန်လူမျိုးမရှိရင်ငှါးလို့မရပါဘူးလို့ပြောပါတယ်။နိုင်ငံခြားသားတွေကကိုဘေးမြို့မှာလွယ်ကူစွာနေထိုင်နိုင်ရန်အာမခံလူကိစ္စကိုဖြေရှင်းပေးစေချင်ပါတယ်။ | ဂျပန်မှာအာမခံလူမရှိလည်းငှါးလို့ရတဲ့အခန်းတွေရှိပါတယ်။ကူညီထောက်ပံ့ပေးဖို့ကတော့ ရိပ်သာအလိုက်ကွဲပြားမှုရှိသောကြောင့် အလုပ်လုပ်နေတဲ့ရိသာမှာစုံစမ်းစေချင်ပါတယ်။ကိုဘေးမြို့ကနိုင်ငံခြားသားအပါအဝင်အားလုံးသောကိုဘေးမြို့သူ/သားတွေအဆင်ပြေစွာနေထိုင်နိုင်သောမြို့တမြို့ဖြစ်အောင်ဆောင်ရွက်သွားပါ့မယ်။ |
| ⑥ | တကယ့်အလုပ်ခွင်တွေမှာနိုင်ငံခြားသားတွေကိုခွဲခြားဆက်ဆံတယ်လို့ခံစားရပါတယ်။ | သင်တို့နှင့်အလုပ်အတူလုပ်နေတဲ့ဂျပန်လူမျိုးတွေကသင်တို့ဂျပန်လာပြီးအလုပ်လုပ်ပေးလို့ကျေးဇူးတင်နေတဲ့လူတွေများပါတယ်။အလုပ်ခွင်မှာခွဲခြားဆက်ဆံခံနေရရင်သင်တို့ရဲ့တာဝန်ခံသို့မဟုတ်ရိပ်သာရဲ့အကြီးဆုံးတာဝန်ခံနှင့်တိုင်ပင်ဆွေးနွေးပါ။ |

| № | ဂျပန် | ဖြေ |
|---|---|---|
| ⑦ | ကျွန်းမာရေးခွန်နဲ့ပါတ်သတ်ပြီးမေးခွင့်ပြုပါ။ကျန်းမာခွန်ထဲမှာသွား၊ ခံတွင်းနှင့်ပါတ်သက်တာ ၊ဝက်ခြံနှင့်ပါတ်သက်တာတွေကုသမှုခံယူနိုင်ပါသလား။<br>အလုပ်နဲ့လာတဲ့လူတွေက မိဘဆွေမျိုးတွေခေါ်ခွင့်ရှိပါသလား။ | အခြေခံအားဖြင့်တော့ကုသမှုခံယူလို့ရပေမဲ့၊ကုသမှုမခံယူမှီဆရာဝန်စကားကိုသေချာနားထောင်ပြီးကျန်မာရေးခွန်နဲ့လုပ်ချင်ပါတယ်လို့ပြောဖို့ကအရေးကြီးပါတယ်။အလုပ်နဲ့လာတဲ့လူတွေက မိဘဆွေမျိုးတွေကိုခေါ်ခွင့်မရှိပါဘူး။ပြုစုစောင့်ရှောက်ရေးစာမေးပွဲအောင်ပြီးလက်မှတ်ရပြီးတဲ့အခါပြုစုစောင့်ရှောက်ရေးဗီဇာပြောင်းလိုက်ရင်တော့မိသားစုကိုခေါ်ယူခွင့်ရှိပါတယ်။ |
| ⑧ | အခန်းရှာဖို့က ခက်ပါတယ်။ရိုပ်သာကလူကရှာပေးပေမဲ့ဖြစ်နိုင်ရင်ကိုယ်တိုင်ရှာကြည့်ချင်ပါတယ်။ | အင်တာနက်ပေါ်ကြည့်ပြီးကိုယ်တိုင်ရှာကြည့်နိုင်ပါတယ်။ဒါပေမဲ့ ဂျပန်တွေနဲ့စာချုပ်လုပ်ဖို့အခက်တွေ့ရင်တော့ရိုပ်သာကလူတွေနဲ့ကျေးဇူးပြုပြီးတိုင်ပင်ပါ။ |
| ⑨ | ကိုဘေးမြို့မှာအချိန်ပိုင်းအလုပ်ရှာဖို့အခက်တွေ့နေတဲ့မိတ်ဆွေတယောက်ရှိပါတယ်။ကိုဘေးမြို့ကအလုပ်အကိုင်အခွင့်အလမ်းနည်းတယ်လို့ထင်ပါတယ်။ | ကိုဘေးက မြို့ကြီးတမြို့ဖြစ်ပြီးနိုင်ငံခြားသားအများအပြားအလုပ်လုပ်နေတဲ့အတွက်အလုပ်အကိုင်ရှားပါးမှုမရှိပါဘူး။ |
| ⑩ | ရိုပ်သာက နှစ်ချုပ်တွေလုပ်ပေးတယ်ဆိုပေမဲ့ သေချာနားမလည်ပါဘူး။ထို့အပြင်မိသားစုဆီလည်းငွေပို့နေသောကြောင့်သေချာလေးရှင်းပြပေးစေချင်ပါတယ်။ | နှစ်ချုပ်ဆိုတာကတနှစ်အတွင်းရတဲ့လစာနဲ့သွင်းရတဲ့အခွန်တွေကိုပြန်ပြီးတွက်ချက်တာဖြစ်ပါတယ်။အကယ်၍ဖြတ်တာပိုနေရင် ပြန်ပေးပြီး ၊ လိုနေသေးရင်တော့ ထပ်ပြီးပေးဆောင်ရတာမျိုးကိုခေါ်ပါတယ်။ထို့အပြင် သင်သည် သင့်မိသားစုကိုထောက်ပံ့ပေးနေပါက အခွန်ဆောင်ခွင့်သက်သာစေမှာပါ။ထောက်ပံ့နေပါတယ်ဆိုတဲ့အထောက်အထားလည်းပြဖို့လိုအပ်ပါတယ်။ |
| ⑪ | ကိုဘေးမြို့သည်နိုင်ငံခြားသားများအတွက်အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရန်ထောက်ပံ့ပေးပါကပိုပြီးကောင်းပါလိမ့်မယ်လို့ထင်ပါတယ်။ | ကိုဘေးမြို့သည်ဂျပန်စာသင်ယူမှု၊ပြုစုစောင့်ရှောက်ရေးလက်မှတ်ရယူနိုင်ရန်ထောက်ပံ့ခြင်း၊နေအိမ်ထောက်ပံ့မှုနှင့်နှီးနှောဖလှယ်ပွဲများကိုလည်းဦးစီးဆောင်ရွက်နေပါသည်။ဒီနှစ်အတွင်းမှာကိုဘေးမြို့ရှိနိုင်ငံခြားသားစောင့်ရှောက်မှုလုပ်သားများအတွက်ဝက်ဆိုက်လ်မှာသတင်းအချက်အလက်ဖြန့်ဝေခြင်းစတင်ဖို့စီစဉ်ထားပါတယ်။ကိုဘေးမြို့သည်နိုင်ငံခြားသားသူနာပြုစောင့်ရှောက်မှုဝန်ထမ်းများအတွက်သက်သောင့်သက်သာအလုပ်လုပ်နိုင်သောဝန်းကျင်တခုဖန်တီးခြင်းကဲ့သို့ထောက်ပံ့မှုပေးရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ |
| ⑫ | ဂျပန်ဘာသာစကားနှင့်ခန်းဂျီးကခက်ပါတယ်။ | Kobe International Community Center (KICC)သည် ဂျပန်စာသင်ယူမှုထောက်ပံ့ရေးအစီအစဉ်ကိုအကောင်အထည်ဖော်နေပါသည်။နှစ်စဉ်သင်တန်း၄ခုဖွင့်ထားပြီးကျောင်းသားသည်စေတနာ့ဝန်ထမ်းများနှင့် ဖလအခမဲ့လေ့လာနိုင်သည်။ဖွင့်မည်လများမှာ ဧပြီ၊ဇွန်လိုင်၊အောက်တိုဘာ၊ဇန်နဝါရီလများဖြစ်ပါတယ်။တည်နေရာမှာ Shin-Nagata,Sannomia ဖြစ်ပါတယ်။ |
| ⑬ | ပြုစုစောင့်ရှောက်ရေးစာမေးပွဲအောင်ရင်လစာတိုးမှာလား။ | လစာစနစ်သည်စီးပွါးရေးလုပ်ငန်းတည်ထောင်မှုပေါ်မူတည်၍ကွဲပြားမှုရှိသော်လည်းလုပ်ငန်းတိုင်းကလက်မှတ်အတွက်ထောက်ပံ့ကြေးပေးတာများပါတယ်။ |

| № | ဂျပန် | ဖြေ |
|---|---|---|
| ⑭ | ဂျပန်ပြဋ္ဌါန်းစာအုပ်အတိုင်းလေ့လာသင်ယူခဲ့တာတွေကိုလက်တွေ့သုံးတဲ့အခါတဘက်လူက နားမလည်တာတွေမကြာခဏတွေ့ရပါတယ်။ | အလားတူထင်မြင်ချက်တွေကိုကြားရလေ့ရှိပါတယ်။ပြုစုရှောက်စောင့်ရေးလုပ်ငန်းများတွင်အသုံးပြုသောဂျပန်စာများကိုE-learning လို့ခေါ်တဲ့သင်တန်းမှာနိုင်ငံခြားစောင့်ရှောက်မှုဝန်ထမ်းများအတွက်ဗီယမ်နမ်၊မြန်မာ၊အင်္ဂလိပ်ဘာသာတို့ဖြင့်သင်ကြားပေးနေပါတယ်။စိတ်ဝင်စားရင်ပါဝင်လို့ရပါတယ်။သင်တန်းကြေးအခမဲ့ဖြစ်ပါတယ်။ |
| ⑮ | နိုင်ငံတော်အသိအမှတ်ပြုပြုစုစောင့်ရှောက်ရေးစာမေးပွဲဖြေချင်ပါတယ်။ ဘယ်လိုလေ့လာရမလဲနားမလည်ပါဘူး။ကိုယ်တိုင်တစ်ယေညက်တည်းလေ့လာဖို့လည်းမလွယ်ပါဘူး။အထောက်အပံ့လေးရချင်ပါတယ်။ | မေးခွန်းအကြောင်းအရာက ဂျပန်လူမျိုးများနဲ့အတူတူဖြစ်ပါတယ်။ဒါပေမဲ့မေးခွန်းများမှာ hiragana ပါဝင်ပြီးဖြေချိန်ကို တစ်ဆခွဲပိုပေးထားပါတယ်။ကိုဘေးမြို့သည်သင်ယူမှုကိုထောက်ပံ့ပေးသောအခါရိပ်သာမှတစိတ်တပိုင်းထောက်ပံ့နိုင်ရန်စနစ်တခုကိုတည်ထောင်ခဲ့သည်။ထောက်ပံ့မှုရှိမရှိ ရိပ်သာကိုမေးပါ။ပြုစုစောင့်ရှောက်ရေးလုပ်သားများအတွက်စာမေးပွဲနှင့်စပ်လျှင်း၍Hyogo မှတာဝန်ပေးထားသောဌါနချုပ်လေ့ကျင့်ရေးဌါနတွင်အခမဲ့သင်ကြားပေးနေသောကြောင့်စိတ်ဝင်စားပါက ပါဝင်ပါသည်။ |
| ⑯ | ပြုစုစောင့်ရှောက်ရေးစာမေးပွဲကတနှစ်ကိုဖြကြိမ်လား။ | တနှစ်လျှင်တစ်ကြိမ်ကျင်းပပြီးနှစ်စဉ်ဇန်နဝါရီလတွင်စာမေးပွဲကျင်းပပြီးလက်တွေ့စာမေးပွဲကိုထိုနှစ်မတ်လတွင်ကျင်းပသည်။EPA မှလွဲ၍အခြားကျွမ်းကျင်လုပ်သားများသည်ပြုစုစောင့်ရှောက်ရေးလုပ်ပုံလုပ်နည်းကိုစစ်ဆေးရန်လက်တွေ့စစ်ဆေးခြင်းလိုအပ်သည်။အဲ့လိုလုပ်ထားရင်ပြုစုစောင့်ရှောက်မှုစာမေးပွဲ၏လက်တွေ့စမ်းသပ်မှုမှကင်းလွတ်ပါလိမ့်မည်။ |
| ⑰ | ပြုစုစောင့်ရှောက်ရေးစာမေးပွဲဖြေချင်ပါတယ် ရိပ်သာက တခုခုလုပ်ပေးတာများရှိပါသလား။ | ကိုဘေးမြို့သည်သင်တို့၏လေ့လာမှုနဲ့ပါတ်သက်ပြီးရိပ်သာက တစိတ်တပိုင်းထောက်ပံ့နိုင်ရန်ဟူသောစနစ်တစ်ခုရှိသောကြောင့်သင်တို့၏ရိပ်သာမှထောက်ပံ့မှုရှိမရှိမေးမြန်းပါ။ |
| ⑱ | လောလောဆယ်မှာသူနာပြုစုစောင့်ရှောက်မှုကျွမ်းကျင်မှာအလုပ်အတွေ့အကြုံတနှစ်ရှိပါတယ်။ရိပ်သာမှာပြုစုစောင့်ရှောက်မှုနှင့်ပါတ်သက်ပြီးလေ့ကျင့်ပေးမှုတွေရှိပါတယ်။ဒါကြောင့်အစောပိုင်းလေ့ကျင့်မှုကစပြီးလက်မှတ်ရသည်အထိဆက်လက်လုပ်ဆောင်သွားချင်ပါတယ်။ | ကိုဘေးမြို့သည် အစပိုင်းလေ့ကျင့်သူများအတွက်လေ့ကျင့်ရေးအခကြေးငွေကိုတစ်စိတ်တပိုင်းထောက်ပံ့နိုင်ရန်စနစ်ကိုတည်ထောင်ခဲ့သည်။ကျေးဇူးပြု၍စစ်ဆေးကြည့်ပါ။ |
| ⑲ | N3အောင်စေချင်တယ်လို့ပြောနေပေမဲ့အလုပ်လုပ်ရင်းစာလေ့လာရတာခက်ခဲ့ပါတယ်။အတူလေ့လာမဲ့အဖွဲ့ဖွဲ့လိုက်မယ်ဆိုရင် အတူစာလေ့လာနိုင်ပြီးတယောက်ကိုတယောက်ကူညီပေးနိုင်မယ်လို့ထင်ပါတယ်။ | အုပ်စုဖွဲ့ပြီးလေ့လာတာ အရမ်းကောင်းတယ်လို့ကျွန်တော်မြင်ပါတယ်။E-Learning သင်တန်းမှပြုစုစောင့်ရှောက်ရေးတွင်အသုံးပြုသောစကားလုံးများကိုဗီယမ်နမ်၊မြန်မာ၊အင်္ဂလိပ်စာတို့ဖြင့်သင်ကြားပေးနေပါတယ်။စိတ်ဝင်စားပါကပါဝင်လို့ရပါတယ်။သင်တန်းကြေးအခမဲ့ဖြစ်ပါတယ်။ |
| ⑳ | ဒေသသုံးဘန်းစကားကခက်ခဲ့ပြီးရိပ်သာမှာဘယ်လိုပြောရမလဲဆိုတာနားမလည်ဘူး။ | ရိပ်သာရဲ့တာဝန်ရှိသူတွေကိုဖြည်းဖြည်းနှင့်စံပြဘာသာစကားနဲ့ပဲပြောနိုင်အောင်ကိုဘေးမြို့ကကျင်းပတဲ့လေ့ကျင့်ရေးအဖွဲ့တွေမှတဆင့်ပြောပေးသွားပါ့မယ်။ |

| № | ဂျပန် | ဖြေ |
|---|---|---|
| ㉑ | ကိုဘေးမြို့မှာတစ်နှစ်ကိုတကြိမ်ပဲဖြစ်ဖြစ်နိုင်ငံခြားသားနှီးနှောဖလှယ်ပွဲကိုကျင်းပပေးစေချင်ပါတယ်။ | ကိုဘေးမြို့သက်ကြီးရွယ်အိုဖယ်ဒရေးရှင်းကလည်းထိုကဲ့သို့နှီးနှောဖလှယ်ပွဲကိုနှစ်စဉ်ကျင်းပနိုင်ရန်စီစဉ်နေပါတယ်။ |
| ㉒ | နိုင်ငံခြားသားများအတွက်အကြီးမားဆုံးစိုးရိမ်ပူပန်မှုကတော့ဘာသာစကားနားမလည်တာဖြစ်ပါတယ်။အကြောင်းအရင်းကတော့ဘာသာစကားကိုနားလည်တယ်ဆိုရင်ပြောလိုက်တဲ့အချိန်နားမလည်တာတခုခုရှိခဲ့ရင်ဂျပန်လူမျိုးတွေကိုချက်ချင်းမေးခြင်း၊ကိုယ့်ကိုကိုယ်သုံးသပ်ခြင်းတွေပြုလုပ်နိုင်ပါတယ်။ | ဂျပန်စကားတော်ချင်တယ်ဆိုရင်ဂျပန်လူမျိုးတွေနဲ့များများစကားပြောဖို့အရေးကြီးပါတယ်။ဂျပန်လူမျိုးတွေနဲ့စကားပြောနေစဉ်မှာလည်းနားမလည်တာပါလာရင်ချက်ချင်းမေးလိုက်ပါ။အဲ့လိုလုပ်ခြင်းဟာနောက်မှရှာဖွေတာထက်ပိုပြီးနာလည်စေပါတယ်။ |
| ㉓ | ပြုစုစောင့်ရှောက်မှာမှုမှာလက်တွေ့အတွေ့အကြုံနဲ့ပါတ်သက်ပြီးမေးခွန်းမေးချင်ပါတယ်။လက်တွေ့အလုပ်အတွေအကြုံ၃နှစ်ကိုမည်သို့တွက်ချက်ပါလဲ။အရင်ကအလုပ်ပြောင်းရွှေ့ခဲ့ရတဲ့အတွက်အလုပ်မလုပ်တဲ့အချိန်တချိန်ရှိပါတယ်။အဲ့လိုမျိုးဆိုဘယ်လိုတွက်ပါသလဲ။ | ပြုစုစောင့်ရှောက်ရေးလက်မှတ်လက်တွေ့ဖြေမဲ့၃လပိုင်း၃၁ရက်နေ့အထိ၃နှစ်(၁၀၉၅ရက်)ကျော်လိုအပ်ပါတယ်။အလုပ်ထဲမှာလက်တွေ့လုပ်တဲ့လုပ်ရက်၅၄၀ရက်ကျော်(နားရက်တွေ၊အလုပ်မလုပ်ရတဲ့ရက်တွေမပါ)ပြည့်နေဖို့လိုအပ်ပါတယ်။အလုပ်ပြောင်းတဲ့အခါမျိုးမှာ ပြီးသွားတဲ့အချိန်နဲ့ ပြန်စတဲ့အချိန်ကိုတွက်ချက်ပါတယ်။ |
| ㉔ | Sannomiya မှာ အားကစားရုံရှိလား။ | Sannomiya ဘူတာ၏တောင်ဘက်တွက်အားကစားစင်တာရှိပါတယ်။ ရေကူးကန်လည်းရှိပါတယ်။၂၀၂၂ခုနှစ်ဩဂုတ်လမှစ၍ကိုရိုနာကြောင့်မိနစ်၉၀ဟူ၍အသုံးပြုချိန်သတ်မှတ်ထားပါတယ်။<br>（URL：https://www.cospa-wellness.co.jp/corp/kobefukushi-sc/） |
| ㉕ | ဆွေးနွေးတိုင်ပင်မှုနေရာရှိလား။ | လူထုဆွေးနွေးပွဲအနေနဲ့<br>**Jicwels**(နိုင်ငံခြားသားစောင့်ရှောက်ရေးလုပ်သားများအတွက်ဆွေးနွေးရန်နေရာ)<br>https://jicwels.or.jp/fcw/?page_id=85<br>**KICC**(ကိုဘေးမြို့တွင်းရှိနိုင်ငံခြားသားများအတွက်ဆွေးနွေးရန်နေရာ)<br>စသဖြင့်ရှိပါတယ်။လေ့လာကြည့်လို့ရပါတယ်။<br>https://www.kicc.jp/ja/aboutkicc |
| ㉖ | နိုင်ငံခြားသားတွေအတွက်မိမိဘာသာစကားဖြင့်တိုက်ပင်နိုင်တဲ့ကောင်စစ်ဝန်ရုံးကလွဲလို့တခြားနေရာတွေရှိသေးလား။ဥပမာအရေးပေါ်အခြေအနေတို့ မတော်တဆဖြစ်ပွါးတာတို့၊အဲ့လိုမျိုးအခြေအနေမှာမိတ်ဆွေသူငယ်ချင်း၊ ရိပ်သာကလူ၊သံရုံးတွေအပြင်ကိုဘေးမြို့တွင်းမှာလက်ရှိဖြစ်နေတဲ့ပြသနာကို မိမိဘာသာစကားနဲ့ပြောလို့ရနိုင်မဲ့နေရာရှိသေးရင်ကောင်းမှာပဲ။ | ယာဉ်အသွားအလာမတော်တဆဖြစ်မှုများသည်ရဲတပ်ဖွဲ့သို့သတင်းပို့ရန်မဖြစ်မနေတာဝန်ရှိသည်။နိုင်ငံခြားသားစောင့်ရှောက်ရေးဝန်ထမ်းများအတွက်ဂျပန်စာသင်ယူမှုဗီဇာလျှောက်မှုနှင့်ပါတ်သက်ပြီးအခမဲ့တိုင်ပင်ဆွေးနွေးမှုများကိုကျွန်တော်တို့မှလက်ခံလျက်ရှိပါသည်။မိခင်ဘာသာစကားဖြင့်လည်းပြောဆိုနိုင်သောကြောင့်ကျေးဇူးပြု၍စစ်ဆေးကြည့်ပါ။<br>（URL：https://jicwels.or.jp/fcw/?page_id=85） |

| № | ဂျပန် | ဖြေ |
|---|---|---|
| ㉗ | အခုက နည်းပညာပိုင်းဆိုင်ရာသင်တန်းသားတယောက်အနေနဲ့ဗီဇာတနှစ်ခွဲရှိပါတယ်။ကျွမ်းကျင်လုပ်သားပြောင်းမယ်ဆိုရင်၃နှစ်ကနေ၅နှစ်အထိအလုပ်လုပ်နိုင်မလား။အိမ်ထောင်ပြုပြီးသားသမီးရတဲ့အခါထောက်ပံ့မှုက ဘာများရှိပါသလဲ။ရည်းစားကလည်းကျွမ်းကျင်လုပ်သားပါ။မိသားစုအတူနေခွင့်ရှိနိုင်ပါသလား။ | နည်းပညာသင်တန်းသားဗီဇာကနေကျွမ်းကျင်လုပ်သားဗီဇာကူးပြောင်းနိုင်မည်မဟုတ်ပါ။နည်းပညာဆိုက်ရာနံပါတ်၂သို့မဟုတ် နံပါတ်၃ကိုအောင်မြင်စွာပြီးစီးပါကကျွမ်းကျင်ဗီဇာသို့ကူးပြောင်းနိုက်မည်ဖြစ်သည်။သတ်မှတ်ကျွမ်းကျင်ဗီဇာကူးပြောင်းချိန်မှစ၍၅နှစ်အထိအလုပ်လုပ်နိုင်မည်ဖြစ်သည်။သွင်းထားသောအာမခံကြေးပေါ်မူတည်၍ကလေးရရှိသည့်အခါကိုယ်ဝန်ဆောင်စရိတ်၊ငွေအနည်းအကျင်း၊ကလေးစောင့်ရှောက်မှုနားရက်ခွင့်များကိုရရှိနိုင်ပါသည်။နည်းပညာဆိုင်ရာလေ့ကျင့်မှုဗီဇာနှင့်သတ်မှတ်ကျွမ်းကျင်လုပ်သားဗီဇာမှာမိသားစုနှင့်အတူလိုက်ပါနေထိုင်ရန်ခွင့်မပြုပေ။ပြုစုစောင့်ရှောက်ရေးစာမေးပွဲအောင်မြင်ပြီး စောင့်ရှောက်မှုဗီဇာသို့ကူးပြောင်းပါက မိသားစုနှင့်အတူလိုက်ပါနေထိုင်နိုင်ပါလိမ့်မည်။ |
| ㉘ | ၃နှစ်ပြည့်ရင်စောင့်ရှောက်ရေးစာမေးပွဲဖြေမယ်။အောင်သွားခဲ့ရင်တောက်လျှောက်ဂျပန်မှာအလုပ်လုပ်ခွင့်ရှိမလား။ | ဟုတ်ကဲ့။စောင့်ရှောက်ရေးစာမေးပွဲအောင်မြင်ပါက စောင့်ရှောက်ရေးဗီဇာဖြင့်ဂျပန်မှာတောက်လျှောက်အလုပ်လုပ်ခွင့်ရှိပါတယ်။ |
| ㉙ | နည်းပညာလေ့ကျင့်မှုဗီဇာမှာကျွမ်းကျင်လုပ်သားနံပါတ်၁ သို့မကြာမီကူးပြောင်းမည်ဖြစ်သည်။နည်းပညာလေ့ကျင့်မှုသင်တန်းသားဖြစ်တုန်းကနဲ့သိပ်မကွာဘူးလို့ခံစားရပါတယ်။ကျွမ်းကျင်လုပ်သားတွေရဲ့ကောင်းကျိုးတွေကိုပြောပြနိုင်မလား။ | နည်းပညာဆိုင်ရာလေ့ကျင့်မှုဗီဇာသည်အလုပ်အကိုင်ပြောင်းလဲခွင့်မရှိသော်လည်း၊ကျွမ်းကျင်လုပ်သားဗီဇာသည်အလုပ်အကိုင်ပြောင်းလဲခွင့်ရှိသည်။ကျွမ်းကျင်လုပ်သားဗီဇာဖြင့်၅နှစ်အလုပ်လုပ်နိုင်ပြီး ၅နှစ်အတွင်းသောင့်ရှောက်ရေးစာမေးပွဲအောင်မြင်ပါက စောင့်ရှောက်ရေးဗီဇာသို့ပြောင်းလဲပြီးဂျပန်မှာထာဝစဉ်အလုပ်လုပ်နိုင်မည်ဖြစ်သည်။ |
| ㉚ | ၅နှစ်အလုပ်လုပ်ပြီးနောက်သတ်မှတ်ကျွမ်းကျင်လုပ်သား၂ဖြစ်လာနိုင်ပါသလား။ | သတ်မှတ်ကျွမ်းကျင်လုပ်သားနံပါတ်၂ကဆောက်လုပ်ရေးနှင့်သင်္ဘောဆောက်လုပ်ရေးနှစ်မျိုးပဲရှိပါတယ်။စောင့်ရှောက်ရေးက နံပါတ်၂ထဲမပါပါဘူး။စောင့်ရှောက်ရေးစာမေးပွဲအောင်မြင်ပြီးစောင့်ရှောက်ရေးဗီဇာသို့ကူးပြောင်းနိုင်ပါသည်။ |
| ㉛ | အကယ်၍ကျွမ်းကျင်လုပ်သား၂ဖြစ်ခဲ့ရင်မိသားစုကိုခေါ်နိုင်ပါသလား။ | စောင့်ရှောက်ရေးက ကျွမ်းကျင်လုပ်သားနံပါတ်၂မဖြစ်နိုင်ပါ။စောင့်ရှောက်ရေးစာမေးပွဲအောင်မြင်ပြီးစောင့်ရှောက်ရေးဗီဇာသို့ကူးပြောင်းပါက မိသားစုနှင့်အတူနေထိုင်နိုင်ခွင့်ရှိမည်ဖြစ်သည်။ |
| ㉜ | ဂျပန်မှာအချိန်အတော်ကြာနေချင်ပါတယ်။အိမ်ထောင်ပြုဖို့၊ကလေးယူဖို့တွေလည်းစဉ်းစားနေပါတယ်။သတ်မှတ်ကျွမ်းကျင်ဗီဇာဖြစ်နေပေမဲ့မိသားစုကိုဘယ်လိုခေါ်ယူရမလဲ။ဥပဒေအရသတ်မှတ်ကျွမ်းကျင်လုပ်သားနံပါတ်၂ဖြစ်လာမယ်ဆိုရင်မိသားစုကိုဖိတ်ခေါ်မယ်လို့တွေးထားပါတယ်။ | စောင့်ရှောက်ရေးမှာကျွမ်းကျင်လုပ်သားနံပါတ်၂မရှိပါဘူး။မိသားစုလည်းခေါ်လို့မရပါဘူး။စောင့်ရှောက်ရေးလက်မှတ်ရပြီး စောင့်ရှောက်ရေးဗီဇာပြောင်းပြီးမှမိသားစုကိုခေါ်ယူခွင့်ရှိပါတယ်။ |

| № | ဂျပန် | ဖြေ |
|---|---|---|
| ㉝ | သတ်မှတ်ကျွမ်းကျင်လုပ်သားများအတွက်(နေထိုင်ချိန်၊ကျွမ်းကျင်မှုအဆင့်စသည်)အထူးသဖြင့်စောင့်ရှောက်ရေးအကြောင်းရှင်းရှင်းလင်းလင်းမသိသေးပါဘူး။ကျေးဇူးပြုပြီးရှင်းပြပေးပါ။ | ကျွမ်းကျင်လုပ်သားနံပါတ်၁အနေဖြင့်နေထိုင်နိုင်ပြီးအများဆုံးနေထိုင်နိုင်သည့်ကာလမှာ၅နှစ်ဖြစ်သည်။ထို့အပြင်၅နှစ်အတွင်းစောင့်ရှောက်ရေးလက်မှတ်ရယူပြီးစောင့်ရှောက်ရေးဗီဇာပြောင်းလိုက်ပါကဂျပန်မှာအမြဲတမ်းအလုပ်လုပ်ခွင့်ရရှိစေမှာဖြစ်ပါတယ်။ |
| ㉞ | ဗီဇာလျှောက်ပုံနှင့်ပါတ်သက်ပြီးမေးခွင့်ပြုပါ။အခုနှစ်ဆို၂၈နှစ်ရှိပါပြီ။နည်းပညာဆိုင်ရာဗီဇာဖြင့် တနှစ်နဲ့ဖလကျန်ပါသေးတယ်။ရည်ရွယ်ချက်ကတော့နောက်၃နှစ်ကနေ၅နှစ်အတွင်းဂျပန်နိုင်ငံမှာလက်ထပ်ပြီးကလေးမွေးချင်ပါတယ်။ဂျပန်မှာအချိန်ကြာမြင့်စွာနေထိုင်နိုင်ဖို့နိုင်ငံခြားသားအတွက်လွယ်ကူတဲ့စနစ်တွေ၊လုပ်ဆောင်သင့်တာတွေရှိပါသလား။ | အကယ်၍သင်သည်စောင့်ရှောက်ရေးလက်မှတ်ရရှိပြီးစောင့်ရှောက်ရေးဗီဇာသို့ပြောင်းလဲပါကထာဝစဥ်အလုပ်လုပ်နိုင်ပါသည်။သင်၏အာမခံသွင်းခြင်းပေါ်မူတည်ပြီးကိုယ်ဝန်ဆောင်စဥ်စမ်းသပ်စရိတ်များ၊ကလေးမွေးဖွားခြင်းနှင့်ကလေးစောင့်ရှောက်မှုအတွက်ငွေအနည်းအကျဥ်းကလေးစောင့်ရှောက်မှုခွင့်ရက်များရရှိစေမှာဖြစ်ပါတယ်။ |
| ㉟ | စောင့်ရှောက်ရေးစာမေးပွဲအတွက်လက်တွေ့လေ့ကျင့်မှုသည်ဘယ်နှစ်နှစ်အကျိုးသက်ရောက်မှုရှိပါသလဲ။ | ၂နှစ်ပါ။ |
| ㊱ | စောင့်ရှောက်စာမေးပွဲက JLPT နဲ့ဆက်နွယ်မှုရှိပါသလား။ | ဆက်နွယ်မှုမရှိပါဘူး။JLPT မဖြေလည်း စောင့်ရှောက်ရေးစာမေးပွဲကဖြေလို့ရပါတယ်။ဒါပေမဲ့စောင့်ရှောက်ရေးစာမေးပွဲဖြေနိုင်ဖို့ဂျပန်စာကိုလေ့လာထားဖို့တော့လိုပါတယ်။ |
| ㊲ | နိုင်ငံတော်အသိအမှတ်ပြုစောင့်ရှောက်ရေးစားမေးပွဲဆိုတာဘယ်လိုမျိုးလဲ။ | သိပ်ပြီးလွှော့တွက်လို့တော့မရပါဘူး။N1,N2လောက်အရေးကြီးပါတယ်။မေးခွန်းမှာပါတဲ့စကားလုံးတွေကိုနားလည်နိုင်မယ်ဆိုရင်တော့ရနိုင်မယ်လို့ထင်ပါတယ်။ |
| ㊳ | ပြုစုစောင့်ရှောက်ရေးလုပ်သားများအတွက် လက်မှတ်နဲ့ပါတ်သက်ပြီးရှင်းပြပေးပါ။ | ပြုစုစောင့်ရှောက်ရေးလက်မှတ်လက်တွေ့ဖြေမဲ့၃လပိုင်း၃၁ရက်နေ့အထိ၃နှစ်(၁၀၉၅ရက်)ကျော်လိုအပ်ပါတယ်။အလုပ်ထဲမှာလက်တွေ့လုပ်တဲ့လုပ်ရက်၅၄၀ရက်ကျော်(နားရက်တွေ၊အလုပ်မလုပ်ရတဲ့ရက်တွေမပါ)ပြည့်နေဖို့လိုအပ်ပါတယ်။လက်တွေ့စမ်းသပ်မှုလည်းပြီးထားဖို့လိုအပ်ပါတယ်။ |